# Solemnity of the Immaculate Conception (December 08, 2011)

## 1st READING: *Genesis 3: 9-15, 20*

ကမ္ဘာဦးကျမ်း။ ၃း ၉–၁၅၊ ၂၀

ထာဝရအရှင် ဘုရားသခင်ကလည်း၊ သင်သည် အဘယ်မှာရှိသနည်းဟု၊ လူကိုခေါ်တော်မူ၏။ လူကလည်း၊ ဥယျာဉ်၌ ကိုယ်တော်၏ အသံကို ကျွန်တော်ကြားလျှင်၊ အဝတ်အချည်းစည်းရှိသောကြောင့်၊ ကြောက်၍ ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏။ ဘုရားသခင်ကလည်း သင်၌ အဝတ်အချည်းစည်းရှိသည်ကို သင့်အား အဘယ်သူပြောသနည်း။ မစားရဟု ငါပညတ်သောအပင်၏ အသီးကို စားပြီလောဟု မေးတော်မူ၏။ လူကလည်း၊ ကျွန်တော်၌ အပ်ပေး တော်မူသောမိန်းမသည် ထိုအပင်၏အသီးကို ပေး၍ ကျွန်တော် စားမိပါသည်ဟု လျှောက်လေ၏။ ထာဝရအရှင် ဘုရားသခင်ကလည်း၊ သင်သည် အဘယ်သို့ ပြုပြီးသနည်းဟု မိန်းမအား မေးတော်မူလျှင်၊ မိန်းမက၊ မြွေသည် ကျွန်တော်မကို လှည့်စား၍၊ ကျွန်တော်မသည် စားမိပါပြီဟု လျှောက်လေ၏။ ထာဝရအရှင်ဘုရားသခင်သည် မြွေကိုခေါ်၍ သင်သည် ဤအမှုကိုပြုသောကြောင့်၊ သားယဉ်၊ သားရဲ အပေါင်းတို့ထက် ကျိန်ခြင်းကိုခံရ၏။ သင်သည် ဝမ်းဖြင့်သွား၍ မြေမှုန့်ကို တသက်လုံးစားရမည်။ သင်နှင့် မိန်းမ ကိုဍင်းင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုဍင်းင်း ငါသည် ရန်ညှိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။ ထိုအခါ လူသည် မိမိမယားကို၊ ဧဝအမည်ဖြင့် မှည့်လေ၏။ အကြောင်းမူကား၊ သူသည်အသက် ရှင်သော သူအပေါင်းတို့၏ အမိဖြစ်သတည်း။

**Responsorial Psalm  Psalms  98:1, 2-3, 3-4**
ဆာလံကျမ်း     ၉၈း ၁၊ ၂–၃၊ ၃–၄

၁။ ထာဝရဘုရားအား သီချင်းသစ်ကို သီဆိုကြလော့။ အကြောင်းမူကား ကိုယ်တော်သည် အံ့ဖွယ်ရာများကို ပြုတော်မူပြီ။ ကိုယ်တော်၏လကျာ်လက်တော်နှင့်သန့် ရှင်းသောလက်ရုံးတော်သည်ကိုယ်တော်အတွက်ကယ် တင်ခြင်းအမှုတော်ကို ဆောင်ရွက်လေပြီ။

၂–၃။ ထာဝရဘုရားသည် မိမိ၏ ကယ်တင်တော်မူခြင်းကို ထင်ရှားစေ၍ မိမိ၏ဖြောင့်မတ်မှန်ကန်ခြင်းကိုလူမျိုး တကာတို့အားဖော်ပြတော်မူ၏ ။အစ္စရေးလ်အမျိုးသားတို့အပေါ်မိမိ၏ မေတ္တာတော်နှင့်သစ္စာတော်တို့ကိုအောက်မေ့တော်မူ၏

၃–၄။ မြေကြီးစွန်းအပေါင်းတို့သည်လည်းငါတို့ဘုရားသခင်၏ကယ်တင်တော်မူခြင်းကိုမြင်ရကြပြီ။မြေကြီးသားအပေါင်း တို့ထာဝရဘုရားထံတော်သို့ရွှင်လန်းစွာအော်ဟစ်ကြလော့။တူရိယာတီးမှုတ်၍ဝမ်းမြောက်ဖွယ်သီချင်းကိုတခဲနက်သီဆိုကြ လော့။

## 2nd READING: *Eph 1:3-6, 11-12*

ဧဖက်ဆုဩဝါဒစာ ၁း ၃–၆၊ ၁၁–၁၂

ငါတို့သည်ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းရှိခြင်းအားဖြင့်ရှေ့တော်တွင်အပြစ်ဆိုဘွယ်မရှိဘဲ၊သန့်ရှင်းမြင့်မြတ်သူများဖြစ်ကြစေရန်၊ကမ္ဘာမတည်ရှိမီကပင်ငါတို့ကိုဘုရားသခင်ရွေးချယ်ထားတော်မူပေသည်။ဘုရားသခင်၏မေတ္တာတော်ကြောင့်၊ ငါတို့ကိုကိုယ်တော်၏သားသမီးများဖြစ်ကြစေရန်ခရစ်တော်ယေရှုအားဖြင့်ရွေးကောက်တော်မူပြီးဖြစ်သည်။ ဤကားကိုယ်တော်၏နှစ်လိုဖွယ်ရာနှင့်ဦးတည်ချက် ဖစ်သည်။ ကိုယ်တော်ချစ်မြတ်နိုးတော်မူသောသားတော်အားဖြင့်ငါတို့အားအခမဲ့ပေးသနားတော်မူသည့်ဘုန်းအသရေနှင့်ပြည့်စုံသောကျေးဇူးတော်အတွက်ငါတို့သည်ဘုရားသခင်အားချီးမွမ်းထောပနာပြုကြပါသည်။ ငါတို့သည်ခရစ်တော်အသေခံတော်မူခြင်းကြောင့်၊ မိမိတို့အပြစ်၏အနှောင်အဖွဲ့မှလွတ်မြောက်ကြရ၏။ တစ်နည်းအားဖြင့်ငါတို့၏အပြစ်များအခွင့်လွှတ်ခြင်းချမ်းသာကိုရကြ၏။ ငါတို့အားဘုရားသခင်ဤကဲ့သို့ရက်ရောစွာပေးတော်မူသည့်ကျေးဇူးတော်သည်အလွန်ကြီးမြတ်လှပါသည်တကား။ ရွေးချယ်တော်မူပေသည်။ သို့ဖြစ်၍ခရစ်တော်ကိုဦးစွာပထမ၊မျှော်လင့်ခဲ့ကြသောငါတို့သည်ဘုရားသခင်၏ဂုဏ်ကျက်သရေတော်ကိုချီးကျူးကြကုန်စို့။ သင်တို့လည်းကယ်တင်ခြင်းဆိုင်ရာသတင်းကောင်းတည်းဟူသောသမ္မာတရားတော်ကိုကြားကြရသောအခါဘုရားသခင်၏လူမျိုးတော်ဝင်ဖြစ်လာကြ၏။ သင်တို့သည်ခရစ်တော်ကိုယုံကြည်ကြ၍ဘုရားသခင်သည်မိမိကတိထားတော်မူသည့်မွန်မြတ်သောဝိညာဉ်တော်ကိုပေးသနားတော်မူခြင်းအားဖြင့်သင်တို့အားကိုယ်တော်ပိုင်တော်မူကြောင်းတံဆိပ်ခတ်နှိပ်တော်မူ၏။

## GOSPEL: *Luke1:26-38*

ရှင်လုကာဧဝံဂေလိကျမ်း ၁း ၂၆–၃၈

ဆဋ္ဌမလသို့ရောက်သောအခါ၊ထာဝရဘုရားသည်တမန်တော်ဂါဘရီအဲလ်ကိုဂါလိလေပြည်နာဇရက်မြို့ဒေးဗစ်မျိုးနွယ်ဝင်ဂျိုးဇက်အမည်ရှိသောသူနှင့်စေ့စပ်ထားသောအပျိုကညာဆီသို့စေလွှတ်တော်မူ၏။ အပျိုကညာအမည်ကားမာရိယာဖြစ်သတည်း။ ကောင်းကင်တမန်ကကျေးဇူးအပေါင်းနှင့်ပြည့်စုံတော်မူသောသခင်မသင်၌မင်္ဂလာရှိစေသတည်း။ ဘုရားသခင်သည်သင်နှင့်အတူရှိတော်မူ၏ဟုသူမအားနှုတ်ဆက်လေ၏။သို့သော်သူမသည်အလွန်စိတ်အနှောင့်အယှက်ဖြစ်၍ဤနှုတ်ဆက်စကားကား၊ အဘယ်သို့နည်းဟူ၍တွေးတောဆင်ခြင်လျက်နေ၏။ ကောင်းကင်တမန်ကလည်းမာရိယာမကြောက်ရွံ့နှင့်၊သင်သည်ဘုရားသခင်ရှေ့တော်၌မျက်နှာရလေပြီ။ သင်၏ဝမ်း၌ပဋိသန္ဓေစွဲ၍၊သားယောကျ်ားကိုသင်ဖွားမြင်လိမ့်မည်။ ထိုသားကိုယေရှုဟူသောအမည်ဖြင့်မှည့်ခေါ်ရမည်။သူသည်ကြီးမြတ်သောသူဖြစ်လိမ့်မည်။အမြင့်ဆုံးသောသူ၏သားတော်ဟုခေါ်ဝေါ်ခြင်းကိုခံရလိမ့်မည်။ ဘုရားသခင်သည်သူ့အဘဒေးဗစ်၏ရာဇပလ္လင်ကိုသူ့အားပေးအပ်တော်မူလိမ့်မည်။ သူသည်ယာကုပ်၏အမျိုးအနွယ်ကိုအစဉ်အမြဲအုပ်စိုးတော်မူလိမ့်မည်။ သူ၏နိုင်ငံတော်သည်အဆုံးမရှိ၊ အစဉ်တည်နေလိမ့်မည်ဟုမိန့်ဆိုလေ၏။ မာရိယာကလည်းဤအမှုအရာသည်မည်သို့ဖြစ်နိုင်မည်နည်း။ အကြောင်းမူကား၊ ကျွန်မ၌ခင်ပွန်းမရှိပါဟုကောင်းကင်တမန်အားဆိုလေ၏။ တစ်ဖန်ကောင်းကင်တမန်ကသန့်ရှင်းသောဝိညာဉ်တော်သည်သင့်အပေါ်သို့ဆင်းသက်လိမ့်မည်။ အမြင့်ဆုံးသောအရှင်၏တန်ခိုးအာဏာတော်သည်သင့်ကိုလွှမ်းခြုံလိမ့်မည်။ ထို့ကြောင့်သင်မှဖွားမြင်လတ္တံ့သောသန့်ရှင်းမွန်မြတ်သူငယ်သည်ဘုရား၏သားတော်ဟုခေါ်ဝေါ်ခြင်းခံရလိမ့်မည်။ ထို့အပြင်ကြည့်လော့၊အမြုံမဟုခေါ်ဝေါ်ခြင်းခံရသောသင်၏ဆွေမျိုးဧလိဇဘက်သည်အိုသောအရွယ်၌ပဋိသန္ဓေစွဲယူ၍ယခုဆဋ္ဌမလသို့ရောက်လေပြီ။ဘုရားသခင်မတတ်နိုင်သောအရာတစ်စုံတစ်ခုမျှမရှိဟုမိန့်ဆိုလေ၏။ မာရိယာကလည်းကျွန်မသည်ဘုရားသခင်၏အစေခံဖြစ်ပါ၏။ သင်၏စကားအတိုင်းကျွန်မ၌ဖြစ်ပါစေဟုဆိုပြီးနောက်ကောင်းကင်တမန်တော်သည်သူမထံမှထွက်ခွာသွားလေ၏။